# ဒုတိယအကြိမ် လွှတ်တော်သုံးရပ်မှ တပ်မတော်သားကိုယ်စားလှယ်များ

## လွှတ်တော်ဖွဲ့စည်းပုံ

ပြည်သူ့လွှတ်တော်တွင် ရွေးကောက်ခံကိုယ်စားလှယ် ၃၃၀ ဦးရွေးချယ်ရမည်ဖြစ်ပြီး ၂၀၁၅ အထွေထွေ ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲမကျင်းပနိုင်သည့်နယ်မြေ ၇ ခု ရှိသည့်အတွက် ၃၂၃ ဦး၊ တပ်မတော်သား ကိုယ်စားလှယ် ၁၁၀ ဦး ဖြင့် ပါဝင်ဖွဲ့စည်းသည်။

အမျိုးသားလွှတ်တော်တွင် ဖွဲ့စည်းပုံအရ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ် ၁၆၈ ဦး၊ ၂၅ ရာခိုင်နှုန်း ဖြစ်သော တပ်မတော်သားကိုယ်စားလှယ် ၅၆ ဦး ပါဝင်သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များတွင် ရွေးကောက်ခံကိုယ်စားလှယ် ၆၃၀ ဦး၊ တပ်မတော်ကိုယ်စား လှယ် ၂၂၀ ဦးတို့ပါဝင်သည်။

## တပ်မတော်သားကိုယ်စားလှယ်များခန့်အပ်တာဝန်ပေးခြင်းနှင့် အစားထိုးပြောင်းလဲခြင်း

၂၀၀၈ အခြေခံဖွဲ့စည်းပုံဥပဒေအရ လွှတ်တော်သုံးရပ်တွင် တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းစီ အသီးသီးပါဝင်ပြီး ယင်းကိုယ်စားလှယ်နေရာများအတွက် ကိုယ်စားလှယ်အရည်အချင်းနှင့်ကိုက်ညီသူ တပ်မတော်သားများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရွေးချယ်သည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပခဲ့သော ဒုတိယအကြိမ်အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ အမည်စာရင်းတင်သွင်းထားသည့် တပ်မတော်သားကိုယ်စားလှယ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ စိစစ်ပြီးနောက် ဇန်နဝါရီ ၁၈ ရက်၊ ၂၀၁၆တွင် ပြည်သူ့လွှတ်တော် အတွက်ကိုယ်စားလှယ်များအား ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၆) ဖြင့်လည်းကောင်း၊ အမျိုးသားလွှတ်တော်အတွက်ကိုယ်စားလှယ်များအား ကြေညာချက်အမှတ် (၂/၂၀၁၆) ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအား ကြေညာချက်အမှတ် (၃/၂၀၁၆) ဖြင့်လည်းကောင်း ဖော်ပြခဲ့သည်။

ထိုအမည်စာရင်းပါ ကိုယ်စားလှယ်များကို ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ ၊ အမျိုးသား လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ တို့နှင့်အညီ အမည်စာရင်းပြောင်းလဲလိုကြောင်း အကြောင်းကြားလာပါက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး အစားထိုးပြောင်းလဲလိုသော လွှတ်တော်တွင် ပြောင်းလဲခြင်း ပြုနိုင်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာချက်များအရ ဇန်နဝါရီ ၁၈ ရက်၊ ၂၀၁၆ မှ ဇွန်လ ၊ ၂၀၁၆ အတွင်း လွှတ်တော်သုံးရပ်လုံးတွင် တပ်မတော်သားကိုယ်စားလှယ်များအား တစ်ကြိမ်စီ အစားထိုးပြောင်းလဲခဲ့ကြောင်း တွေ့ရသည်။

မေလ ၁၇ ရက်၊ ၂၀၁၆ တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် (၉/၂၀၁၆) ဖြင့် အမျိုးသားလွှတ်တော်မှ တပ်မတော်သားကိုယ်စားလှယ် ၂ ဦးပြောင်းလဲခဲ့သည်။ ဤသည်မှာ စိစစ်ခန့်အပ်သည့် ဇန်နဝါရီ ၁၈ ရက်၊ ၂၀၁၆ မှ မေလ ၁၇ ရက်၊ ၂၀၁၆ အထိ ၄ လတာကာလအတွင်း ၂ ဦး ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

ဇွန်လ ၁၅ ရက်၊ ၂၀၁၆ တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် (၁၁/၂ဂ၁၆) ဖြင့် ပြည်သူ့လွှတ်တော်မှ တပ်မတော်သားကိုယ်စားလှယ် ၂ ဦးအပြောင်းအလဲပြုလုပ်ခဲ့သည်။ ယင်းသည် စိစစ်ခန့်အပ်သည့် ဇန်နဝါရီ ၁၈ ရက်၊ ၂ဂ၁၆ မှ ဇွန်လ ၁၅ ရက်၊ ၂၀၁၆ အထိ ၅ လ အတွင်းတွင် ၂ ဦး ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

ဇွန်လ ၁၅ ရက်၊ ၂ဂ၁၆ တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် (၁၂/၂ဂ၁၆) ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များအတွက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တွင် ၂ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်နှင့် ရှမ်းပြည်နယ်လွှတ်တော်တို့တွင် ၁ ဦးစီ အပြောင်းအလဲ ပြုလုပ်ခဲ့သည်။ အဆိုပါပြောင်းလဲမှုသည် စိစစ်ခန့်အပ်သည့် ဇန်နဝါရီ ၁၈ ရက်၊ ၂၀၁၆ မှ ဇွန်လ ၁၅ ရက်၊ ၂၀၁၆ အထိ ၅ လ အတွင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အတွက် ၄ ဦး ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

**ပုံ (၁) ဒုတိယအကြိမ် လွှတ်တော်သုံးရပ်ရှိ တပ်မတော်သားကိုယ်စားလှယ်များ အစားထိုးပြောင်းလဲမှု**




တပ်မတော်သားကိုယ်စားလှယ်များကို အစားထိုးပြောင်းလဲရာတွင် အများစုအား ရာထူးအဆင့်တူသူဖြင့် ပြောင်းလဲလေ့ရှိကြောင်း တွေ့ရသော်လည်း ပြည်သူ့လွှတ်တော်ရှိ ဗိုလ်မှူးတစ်ဦးနေရာတွင် ဗိုလ်မှူးချုပ်အဆင့်ရှိသူတစ်ဦးဖြင့် အစားထိုး ပြောင်းလဲထားသည်။

**တပ်မတော်သားကိုယ်စားလှယ်များ၏ ရာထူးအဆင့်များ**

လွှတ်တော်သုံးရပ်ရှိ တပ်မတော်သားကိုယ်စားလှယ်များ၏ ရာထူးအဆင့်များကိုကြည့်လျှင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တွင် အမြင့်ဆုံးရာထူးသည် ဗိုလ်ချုပ်အဆင့်ဖြစ်ပြီး အခြားသူများမှာ ဗိုလ်မှူးချုပ်၊ ဗိုလ်မှူးကြီး ၊ ဒုတိယဗိုလ်မှူးကြီး များနှင့် အနိမ့်ဆုံး ဗိုလ်မှူး/ဗိုလ်ကြီးအဆင့်ထိ ပါဝင်သည်။ ထူးခြားချက်အနေဖြင့် အမျိုးသားလွှတ်တော်တွင် အနိမ့်ဆုံးရာထူးအနေဖြင့် ဗိုလ်ကြီးတစ်ဦးပါဝင်ကြောင်း တွေ့ရသည်။ တိုင်းဒေသကြီး နှင့် ပြည်နယ်လွှတ်တော်များတွင် အမြင့်ဆုံးရာထူးအားဖြင့် ဗိုလ်မှူးကြီးတစ်ဦးပါဝင်ပြီး ၎င်းသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဝန်ကြီးအဖြစ် အမည်စာရင်းတင်သွင်းခံရသူလည်းဖြစ်သည်။ အခြားကျန်ရှိသူများမှာ ဗိုလ်မှူး နှင့် ဗိုလ်ကြီးရာထူးအဆင့်ရှိသူများဖြစ်သည်။

**ကျား/မ ပါဝင်မှု**

ပြည်သူ့လွှတ်တော်တွင် တပ်မတော်သားကိုယ်စားလှယ် ၁၁၀ ဦးရှိသည့်အနက် ဒုတိယဗိုလ်မှူးကြီးရာထူး အဆင့်ရှိ အမျိုးသမီး နှစ်ဦး ပါဝင်သည်။ အမျိုးသားလွှတ်တော်တွင် တပ်မတော်သားကိုယ်စားလှယ် ၅၆ ဦးရှိရာ အမျိုးသမီးတပ်မတော်သားကိုယ်စားလှယ် ပါဝင်ခြင်းမရှိပါ။ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော် ၁၄ ခုတွင် တပ်မတော်သားကိုယ်စားလှယ် ၂၂၀ ရှိသည့်အနက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တစ်ခု၌သာ အမျိုးသမီးဗိုလ်မှူးတစ်ဦးပါဝင်ပြီး ကျန်ကိုယ်စားလှယ်များအားလုံး အမျိုးသားများ ဖြစ်ကြသည်။

**ပုံ (၂) ဒုတိယအကြိမ်လွှတ်တော်သုံးရပ်ရှိ တပ်မတော်သားကိုယ်စားလှယ်များတွင် အမျိုးသမီးပါဝင်မှု**




**ကိုးကား**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်